**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.org**

# မဲ့ဝါးကလိုး ကြေညာစာတမ်း

မေလ ၁၂ရက်၊ ၂၀၂၄ ခုနှစ်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်မှုနယ်မြေ အတွင်းရှိ ကော်သူးလေ မြို့နယ်ဥက္ကဌ (ကော်ဆာခို)များ နီးနှောဖလှယ်ပွဲတွင် စေ့စပ်သေချာစွာဖြင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပြီးနောက် ကော်သူးလေ အတွင်းရှိ မြို့နယ်(ကော်ဆာ) ၂၇ မြို့နယ်လုံးမှ မြို့နယ်ဥက္ကဌ (ကော်ဆာခို) များနှင့် မြို့နယ် ခေါင်းဆောင်များမှ အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကတိကဝတ်ပြုကြပြီး အောက်ပါ ကြေညာစာတမ်း ကို ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်** - ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော တန်ဖိုးများကို ကျွန်ုပ် တို့၏ အုပ်ချုပ်ရေးမူဘောင်၏ အုတ်မြစ်အဖြစ် အသိအမှတ်ပြုပြီး ဖွဲ့စည်းပုံ၏ အရေးပါမှုကို အသိအမှတ်ပြု ပါသည်။ ဤမူများကို ကျွန်ုပ်တို့လိုက်နာခြင်းသည် မယိမ်းယိုင်ဘဲ၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက် များကို လမ်းညွှန်ပေးသည့် မီးရှူးတန်ဆောင်တစ်ခုအဖြစ် လုပ်ဆောင်ပါမည်။

**ကောင်းမွန်သော အုပ်ချုပ်ရေးကို လေးစားလိုက်နာခြင်း** - ကော်သူးလေ အုပ်ချုပ်နယ်မြေအတွင်း အုပ်ချုပ် ရေးစံနှုန်းများ မြှင့်တင်ခြင်းဖြင့် ခရီးစတင်ရန် ကျွန်ုပ်တို့ ကတိပြုပါသည်။ ဤကြိုးပမ်းမှုတွင် မရှိမဖြစ် အရေးပါသော ကောင်းမွန်သော အုပ်ချုပ်မှုအလေ့အကျင့်များကို လက်ခံကျင့်သုံးခြင်း၊ ကျွန်ုပ်တို့၏ စီမံခန့်ခွဲ ရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်တွင် အားလုံး ပါဝင်နိုင်ရေးတို့ပါဝင်သည်။

**ပြည်သူ့အခွင့်အရေးများကို ကာကွယ်ခြင်း** - ကျွန်ုပ်တို့သည် ပြည်သူလူထု၏အသံများကို ကြားနာပြီး ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရမည့် လေးနက်သောတာဝန်ကို ကျွန်ုပ်တို့ ကတိပြုပါသည်။ ပြည်သူများ၏လူမှုရေး၊ ယဉ်ကျေးမှု၊ လွတ်လပ်ခွင့်နှင့် နိုင်ငံရေးအခွင့်အရေးများတို့ကို

ရယူကာကွယ်ပေး၍ ၎င်းတို့၏ အခွင့်အရေးများတို့အား ပြည်သူများတို့နှင့် အတူ စုပေါင်း အကာအကွယ်ပေးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မတူကွဲပြားမှုကို အသိအမှတ်ပြုပြီး ကော်သူးလေကို ထူထောင်ခြင်းဖြင့် စုံလင်ပြည့်ဝစေကာ အမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် ကတိကဝတ် ပြုပါသည်။

**ပူးပေါင်းဆောင်ရွက်သော ကြိုးပမ်းမှုများ**- ကျွန်ုပ်တို့သည် ကော်သူးလေ အုပ်ချုပ်နယ်မြေ တစ်ခုလုံးအတွင်း အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်၊ စည်းလုံးညီညွတ်မှုအင်အားကို အသိအမှတ်ပြုခြင်းဖြင့် မြို့နယ်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ကြိုးပမ်းမှုများကို မြှင့်တင်ရန်နှင့် တတ်သိပညာရှင်တို့၏ အတူတကွ ပူးပေါင်းပါဝင်၍ စုပေါင်းကျွမ်းကျင်မှုများတို့ဖြင့် စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းတို့ကို ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်းဖော်ဆောင်သွားရန် ကတိကဝတ်ပြုပါသည်။

**ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေး**- ကျွန်ုပ်တို့၏ မျှော်မှန်းချက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖူလုံရေးတို့နှင့်အတူ စီးပွားရေးတိုးတက်မှုကို လိုက်လျောညီထွေဖြစ်စေသော ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးအလေ့အကျင့်များကို လွှမ်းခြုံထားသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သဘာဝအရင်းအမြစ်များကို နောင်လာနောက်သားများအတွက် ထိန်းသိမ်းစောင့်ရှောက်လျက် ရေရှည်သာယာဝပြောရေးကို မြှင့်တင်ပေးသည့် ပဏာမခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိကဝတ် ပြုပါသည်။

**စဉ်ဆက်မပြတ် တိုးတက်မှု**- ကျွန်ုပ်တို့၏ တိုးတက်မှုဆီသို့ သွားနိုင်ရန် ခရီးလမ်းသည် စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲနေကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အုပ်ချုပ်မှုအလေ့အကျင့်များသည် ပြည်သူလူထုများ၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ပြောင်းလဲနေသောလိုအပ်ချက်များနှင့်အညီ စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်း၊ လိုက်လျောညီထွေမှုရှိစေခြင်းနှင့် တိုးတက်မှုတို့ကို တာဝန်ယူလုပ်ဆောင်ရန် ကျွန်ုပ်တို့ ကတိကဝတ်ပြုပါသည်။

ကျွန်ုပ်တို့သည် ဤအခြေခံမှုများကို မြဲမြံခိုင်ခံ့စေပြီး နောင်လာနောက်သား မျိုးဆက်များအတွက် သာယာဝပြောသော၊ အားလုံးပါဝင်နိုင်သော၊ တောင့်တင်းခိုင်မာသော ကော်သူးလေကို တည်ဆောက်ရခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် ကျွန်ုပ်တို့ကိုယ်တိုင် အခိုင်အမာ ရပ်တည်ကြောင်း မဲ့ဝါးကလိုးကြေညာစာတမ်းအား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြို့နယ်ဥက္ကဌ များ နှင့် အတွင်းရေးမှူးများ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ကော်သူးလေ